ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

၂၆ ရက်မြောက်နေ့ အစည်းအဝေးမှတ်တမ်း အနှစ်ချုပ်

**၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်**

**( ၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက် )**

**[သောကြာနေ့]**

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ ပျူစာပေယဉ်ကျေးမှုအဖွဲ့များမှ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် ချင်းလူမျိုးများအစား ပျူလူမျိုးများအဖြစ် ထည့်သွင်းကြသဖြင့် ပျူလူမျိုးများဟု မှတ်ပုံတင်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ က ချင်းပြည်နယ်၊ မင်းတပ်ခရိုင်တွင် နေထိုင်ကြသော ချင်းလူမျိုးများအား ပျူလူမျိုးအဖြစ် ပြောင်းလဲမှတ်ပုံတင်ပေးရန် လောလောဆယ် အစီအစဉ်မရှိကြောင်းနှင့် နိုင်ငံတော်မှ တရားဝင်သတ်မှတ်ထားသော တိုင်းရင်းသားမျိုးနွယ်စု အမည်များကိုသာ မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားပါသည်။

( ခ ) ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ဘိုးဘွား အမွေအနှစ် မြန်မာ့ရိုးရာ ခြင်းလုံးအားကစား တိုးတက်ရေးအတွက် မျိုးဆက်သစ်လူငယ်များကို အခြေခံပညာကျောင်းများတွင် မွေးထုတ်လေ့ကျင့်သင်ကြားပေးနိုင်ရန်နှင့် မြန်မာ့လက်ရွေးစင် ခြင်းလုံးအသင်းအား စခန်းဝင်လေ့ကျင့်ရန် ကိုယ်ပိုင်အားကစားရုံ တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က မြန်မာ့ရိုးရာခြင်းလုံးအားကစားသည် တိုင်းပြည်အတွက် အလွန်အကျိုးရှိသဖြင့် လေးလေးနက်နက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

(ဂ) ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးအတွင်းရှိ သူနာပြု/သားဖွားသင်တန်းကျောင်းကို အဆင့်မြှင့်တင်ရန်နှင့် သင်တန်းသားအရေအတွက် တိုးမြှင့်ခေါ်ယူရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က သူနာပြု/သားဖွား သင်တန်းကျောင်းအား တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်၍ မရကြောင်း၊ ပုသိမ်၊ ဟင်္သာတနှင့် မြောင်းမြမြို့များတွင် သူနာပြုသားဖွားသင်တန်းကျောင်း မြေနေရာရပြီးဖြစ်၍ ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ သားဖွားသင်တန်းကျောင်း (၃)ကျောင်းရှိလာမည်ဖြစ်ကြောင်း၊ ပုသိမ်မြို့တွင် သူနာပြု(၁၆၀)ဦး၊ ဟင်္သာတမြို့တွင် သူနာပြု(၈၀)ဦး၊ စုစုပေါင်း (၂၄၀)ဦး တိုးလာမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

**ဥပဒေကြမ်းဆွေးနွေးခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုခြင်း**

၃။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက ဆွေးနွေးပါသည်။

၄။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း အမည်စာရင်း တင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်မရှိသဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာသည်။

၅။ အစည်းအဝေးကို ၁၁း၀၁ နာရီ အချိန်တွင် ရပ်နားပြီး ၂၇ ရက်မြောက်နေ့ အစည်းအဝေးကို ၁၃-၃-၂၀၁၈ ရက်နေ့(အင်္ဂါနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါသည်။

**အမျိုးသားလွှတ်တော်**